## [အာဖရိက နွယ်ဖွားများ နှလုံး ဖောက်ပြန်မှု ဖြစ်ပွားပါက သေဆုံး နိုင်ခြေပိုများ]



ဆေးရုံသို့ နှလုံးရုတ်တရက် ဖောက်ပြန်သော အခြေအနေဖြင့် ရောက်ရှိလာသူများတွင် အာဖရိကဖွားများ (လူမည်းများ)သည် လူဖြူများထက် အသက်ရှင်နှုန်း ပိုမိုလျော့နည်းကြောင်း စစ်တမ်းတစ်ခုက ဖော်ပြထားသည်။ အမေရိကန်မှ သုတေသီများက ဆေးရုံများသည် ရောက်လာသော လူနာများအား အသားအရောင် ခွဲခြားဆက်ဆံပြီး ပြုစုမှုမျိုး မပြုလုပ်ကြောင်း၊ သို့သော်လည်း အခြားအချက်အလက်များ နှလုံးရောဂါနှင့် ပတ်သက်ပါက အာဖရိကဖွားများသည် သေနှုန်းပိုမြင့်ရန် ညွှန်ပြနေကြောင်း ကန်းဆက်စီးတီး၊ စိန့်လုခ်ဆေးရုံမှ ပညာရှင် ဒေါက်တာပေါလ်ချန်းက ပြောကြားခဲ့သည်။ “ကျွန်တော်တို့ဟာ နှလုံးရုတ်တရက် ဖော်ပြန်ပြီး ရောက်လာတဲ့ လူနာတွေကို အတတ်နိုင်ဆုံး ကုသပေးပေမယ့် တစ်ဂက်ကျော်လောက်ကတော့ လက်လွှတ်လိုက်ရတာ များပါတယ်။
အဲဒီထဲမှာမှ အာဖရိကတိုက်သားတွေက ပိုပြီးအရေအတွက် များနေတာကို တွေ့ရပါတယ်”ဟု ချန်းကဆိုသည်။ ချန်း၏အဆိုအရ ထိုဖြစ်ရပ်မျိုး ကြုံတွေ့ချိန်တွင် အသက်ရှင်နှုန်းမှာ ပျမ်းမျှအားဖြင့် (၃၀)မှ (၃၃)ရာခိုင်နှုန်းမျှသာ ရှိတတ်ကြပြီး အာဖရိကသားများတွင် (၂၅)ရာခိုင်နှုန်း ဝန်းကျင်သာရှိတတ်ကြောင်း၊ ကျန်လူဖြူများတွင်မူ (၃၇)ရာခိုင်နှုန်းမျှ အသက်ရှင်ခွင့် ရခဲ့ကြောင်း သိရှိရသည်။ “အသားအရောင် ကွဲပြားတဲ့ လူတွေကြားမှာ အသက်ရှင်ခွင့်ရတဲ့ ပမာဏက (၁၂)ရာခိုင်နှုန်းတောင် ကွာနေပါတယ်။ ဒါဟာ လူမျိုးကွဲခြင်း ဗီဇဆဲလ်တွေ မတူညီနိုင်တာရယ်၊ တခြားဆေးဘက်ဆိုင်ရာ အခြေအနေတွေရယ်ကြောင့် ဖြစ်မယ်လို့ ကျွန်တော်တို့ ယူဆထားပါတယ်”ဟု ချန်းကရှင်းပြခဲ့သည်။ ယခုတွေ့ရှိမှုအား အမေရိကန်ဆေးပညာ အဖွဲ့ချုပ်၏ စက်တင်ဘာ (၁၆)ရက်နေ့ထုတ် ဂျာနယ်အတွင်း ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ ယခုစစ်တမ်းကို အတည်ပြုနိုင်ရန် ချန်းနှင့်လုပ်ဖော်ကိုင်ဖက်များသည် ဆေးရုံ(၂၇၄)ခုမှ လူနာပေါင်း (၁၀၀၁၁)ဦးကို လေ့လာမှုများ ပြုလုပ်ခဲ့သည်။ နှလုံးဖောက်ပြန်မှုဖြင့် ဆေးရုံရောက်လာသော အဆိုပါ လူနာများအနက် (၁၉)ရာခိုင်နှုန်းသည် အာဖရိကဖွား လူမည်းများဖြစ်ကြသည်။

“သေချာတာကတော့ နလုံးအားနည်းတဲ့ လူနာချင်းယှဉ်ရင် အသားရောင်ရင့်တဲ့ လူတွေက ပိုပြီးခံစားရတယ် ဆိုတာပါပဲ”ဟု ချန်းကဆိုသည်။ “ဒါကြောင့်လည်း အာဖရိကဖွားတွေဟာ နလုံးနဲ့ပတ်သက်တဲ့ ရောဂါတွေ ရှိနေရင် ပိုပြီးဂရုစိုက်သင့်ပါတယ်။ နောက်ပြီး ခုစစ်တမ်းကြောင့် ပစ္စည်းကိရိယာ မပြည့်စုံတဲ့ ဆေးရုံတွေဟာ လူမည်းဝေဒနာရှင်တွေ ရောက်လာတာနဲ့ ချက်ချင်းလိုလို အရေးပေါ်အခြေအနေနဲ့ ပိုကောင်းတဲ့ ဆေးရုံကို ပို့သင့်တယ်ဆိုတာ သဘောပေါက်လာမယ် ထင်ပါတယ်။ ဒါဆိုရင် နလုံးဖောက်ပြန်လို့ သေဆုံးရသူတွေထဲမှာ လူဖြူ၊ လူမည်း ရာခိုင်နှုန်းကွာနေတာမျိုးကို လျော့ကျသွားမှာပါ”ဟု ချန်းက ပြောကြားခဲ့သည်။